# မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃ ။)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆေးပညာရပ်** ဆိုသည်မှာ အနောက်တိုင်းနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးပညာရပ်၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာရပ်၊ သူနာပြုပညာရပ်၊ သားဖွားပညာရပ်၊ ဆေးဝါးပညာရပ်၊ ဆေးဘက်ဆိုင်ရာနည်းပညာရပ်၊ ပြည်သူ့ကျန်းမာရေးပညာရပ်နှင့် အခြေခံကျန်းမာရေးဆိုင်ရာ ပညာရပ်များကို ဆိုသည်။

( ခ ) **လက်မှတ်** ဆိုသည်မှာ ပုဒ်မ ၇ ပါ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် သင်တန်းကျောင်းက အပ်နှင်းသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး (Continuing Medical Education) နှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuing Professional Development) များအတွက် ပေးအပ်သည့် လက်မှတ်များ မပါဝင်။

( ဂ ) **ကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

( ခ ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

( ဂ ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည် နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အသုံးပြုရာတွင် ဥပဒေနှင့် အညီ ဖြစ်စေရန်။

## အခန်း(၃)

## မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီ၊ လုပ်ငန်း ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ကြီးကြပ်ရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| ( ၁ ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယ ဥက္ကဋ္ဌ |
| ( ၃ ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးကောင်စီ | အဖွဲ့ဝင် |
| ( ၆ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ | အဖွဲ့ဝင် |
| ( ၇ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ | အဖွဲ့ဝင် |
| ( ၈ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ၉ ) | ပါမောက္ခချုပ် တစ်ဦးစီ<br>ဆေးတက္ကသိုလ်များ | အဖွဲ့ဝင် |
| (၁၀) | ပါမောက္ခချုပ်<br>တပ်မတော်ဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၁) | ပါမောက္ခချုပ် တစ်ဦးစီ<br>သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ | အဖွဲ့ဝင် |
| (၁၂) | ပါမောက္ခချုပ် တစ်ဦးစီ<br>ဆေးဝါးတက္ကသိုလ်များ | အဖွဲ့ဝင် |
| (၁၃) | ပါမောက္ခချုပ် တစ်ဦးစီ<br>ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ | အဖွဲ့ဝင် |
| (၁၄) | ပါမောက္ခချုပ် တစ်ဦးစီ<br>သူနာပြုတက္ကသိုလ်များ | အဖွဲ့ဝင် |
| (၁၅) | ပါမောက္ခချုပ်<br>တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၆) | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၇) | ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အတွင်းရေးမှူး |

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752505